# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 16, 2020 Volume 35, Number 12


**၁၆.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၆/- ကျပ် |
| CBM Rate | = ၁၃၂၀.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၃.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၈.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၉၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အရေးကြီးသည့်အချိန်ရောက်နေသဖြင့် Supply Chain မပြတ်တောက်စေရေး၊ ကုန်စည်စီးဆင်းမှုနှင့်ဆေးဝါးပစ္စည်းများ ပြတ်တောက်မှုမဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွား/ကူးသန်း ဒုတိယဝန်ကြီးပြောကြား



အရေးကြီးသည့် အချိန်ရောက်နေသဖြင့် Supply Chain မပြတ်တောက်စေရေး၊ ခရီးသွားကန့်သတ်ချက်များကြောင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ ဆေးဝါးပစ္စည်းများ ပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

စက်တင်ဘာ ၁၄ က ပြုလုပ်သည့် COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုအား တားဆီး၊ ကုသနိုင်ရန်အတွက် အသွားအလာကန့်သတ်နေသည့်ကာလအတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူး က ပြောကြားခဲ့ခြင်းဖြစ်သည်။

COVID–19 ပထမလှိုင်းကို အောင်မြင်စွာဖြတ်ကျော်ခဲ့ပြီး COVID–19 ဒုတိယလှိုင်း ရိုက်ခက်မှုပြင်းထန်လာမှုအပေါ် ပြည်သူ၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် တုန့်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID–19 ကြောင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိသကဲ့သို့ စားဝတ်နေရေးနှင့် စီးပွားရေးကိစ္စများကို ကျော်လွှားနိုင်ရန်လည်းဆောင်ရွက်ရမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ COVID–19 ရောဂါသည် လူဦးရေထူထပ်ပါက

အမြန်ဆုံးပြန့်ပွားတက်ကြောင်း ရန်ကုန်တိုင်းအတွေ့အကြုံအရသိရှိရပြီး မိမိတို့ဝန်ထမ်းအနေဖြင့်လည်း မည်ကဲ့သို့ပါဝင်ဆောင်ရွက်နိုင်မည်၊ ကုန်စည်စီးဆင်းမှုလုပ်ငန်းများတွင် အထောက်အကူပြုရေးအတွက် ဆောင်ရွက်သင့်သည်များကိုလည်း ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေး အကြံပြုပေးကြရန် ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။ COVID-19 အမျိုးသားအဆင့်ဗဟိုကော်မတီ၏ညွှန်ကြားချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများ၊ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်ပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအေးမောင်က ရှင်းလင်းတင်ပြခဲ့ပြီး ရန်ကုန်မြို့တော်ဝန်က ကုန်စည်စီးဆင်းမှုမှန်ကန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လာသည့် ကုန်သည်စက်မှုအသင်းများမှ တာဝန်ရှိသူများကလည်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်အထိ စာရင်းများအရ နိုင်ငံတော်က ဆောင်ရွက်ပေးမှုအနေဖြင့် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများသို့ ပထမအကြိမ်ထောက်ပံ့ကြေးအဖြစ် ကျပ် ၇၁ ဒသမ ၁၀၃ ဘီလျံ၊ ဒုတိယအကြိမ်အဖြစ် ကျပ် ၂၁၈ ဒသမ ၁၁၂ ဘီလျံ၊ တတိယအကြိမ်အဖြစ် ၁၁၃ ဒသမ ၅၃၅ ဘီလျံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတဆင့် ထောက်ပံ့ငွေ ကျပ် ၉၂ ဒသမ ၆၁၂ ဘီလျံ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများနှင့်မသန်စွမ်းပုဂ္ဂိုလ်များအပါအဝင် အခြားထောက်ပံ့သင့်သည့် ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှတဆင့် ထောက်ပံ့ငွေကျပ် ၃၅ ဒသမ ၉၂၃ ဘီလျံ၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် ကျပ် ၂၆၇ ဒသမ ၉၀၃ ဘီလျံ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များသို့ ထုတ်ချေးငွေကျပ် ဘီလျံ ၁၀၀၊ အသေးစားချေးငွေလုပ်ငန်းများသို့ ထုတ်ချေးငွေကျပ်ဘီလျံ ၁၀၀၊ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်သည့် COVID-19 Fund မှ ထုတ်ချေးငွေ ကျပ်ဘီလျံ ၂၀၀၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးငွေ ကျပ်ဘီလျံ ၆၀၀၊ ၂၀၂၀ ပြည့်နှစ် ဧပြီ၊ မေနှင့်ဇွန်လများအတွက် လျှပ်စစ်ဓာတ်အားခများအတွက် ထောက်ပံ့ငွေကျပ် ၁၀၇ ဒသမ ၃၇၉ ဘီလျံနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားခ ထောက်ပံ့ငွေ ကျပ် ၁ ဒသမ ၅၁၈ ဘီလျံ၊ စုစုပေါင်းကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလျံ လျာထားသတ်မှတ်ကာ ထောက်ပံ့ပေးခဲ့ကြောင်း COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

**Source:** https://news-eleven.com/article/192419

## ဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်လာသော်လည်း အရောင်းအဝယ်ကောင်းနေ



ယခုတစ်ပတ်အတွင်း ပြည်တွင်း၌ ဆန်ကြမ်းဈေးနှုန်းနှင့် ဆန်ချောဈေးနှုန်း အနည်းငယ်မြင့်တက်လာသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဝါးတန်းကုန် စည်ဒိုင်) တွဲဖက်အတွင်းရေးမှူး ဦးဇော်ခိုင်၏ ပြောဆိုချက်အရသိရသည်။ ထိုသို့ ဈေးနှုန်းမြင့်တက်ရာတွင် ပြီးခဲ့သည့် တစ်ပတ်ကထက် ဆန်ကြမ်းနှင့် ဆန်ချောတစ်အိတ်လျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ဝန်းကျင် မြင့်တက်နေခြင်းဖြစ်သည်။ ဆန်ဈေးနှုန်းမှာ အမြင့်ပိုင်းတွင် ဆက်လက်ရှိနေနိုင်ပြီး အတက်အကျအနည်းငယ်သာ ရှိနိုင်ကြောင်းသိရသည်။

"လတ်တလော အခြေအနေကတော့ ဆန်ဈေးနှုန်းက အမြင့်ပိုင်းမှာပဲ ဈေးကွက်ခပ်အေးအေးနဲ့ရှိနေနိုင်ပါတယ်။ လက်ရှိမှာ ဝယ်လိုအားပေါ် အခြေခံပြီးတော့မှပြောလို့ရမယ်။ စပါးဈေးနှုန်းကတော့ အတက်အကျသိပ်မရှိပါဘူး"ဟု ဦးဇော်ခိုင်က ပြောသည်။ စက်တင်ဘာဒုတိယပတ်တွင် ဧည့်မထအုပ်စုဝင် ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၅၀၀၊ ရက် ၉၀

ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀ မှ ၂၇၅၀၀ အထိ ဈေးနှုန်းရှိနေပြီး ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀ မှ ၄၀၀၀၀၊ ကျားပျံ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ မှ ၄၂၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀ မှ ၅၈၀၀၀ အထိ ဈေးနှုန်းရှိသည်။ ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ဆန်အိတ်ရေ ၃၀၀၀၀ မှ ၅၀၀၀၀ ကြားဝင်ရောက်နေပြီး ဧရာဝတီတိုင်းဒေသကြီးမှ အဓိကဝင်ရောက်လျက်ရှိကြောင်းသိရသည်။

**Source: https://www.myawady.net.mm/node/1858**

## နှစ်ပတ်အတွင်း ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းကျော်ကျဆင်း

COVID-19ကပ်ရောဂါ ကူးစက်မှု မြင့်တက်နေချိန် ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန် ဒေါ်လာ တန်ဖိုးသည်နှစ်ပတ်အတွင်းတစ်ဒေါ်လာ ၂ရာခိုင် နှုန်းကျော် ဈေးကျဆင်းသွားသည်။ စက်တင်ဘာလဆန်းပိုင်းက တစ်ဒေါ်လာကျပ် ၁,၃၅၀ အထိ ဈေးဖွင့်ခဲ့သော်လည်း စက်တင်ဘာ ၁၅ ရက်တွင်တစ်ဒေါ်လာကျပ် ၁,၃၂၀ သို့ ကျဆင်းလာသည်။ မြန်မာနိုင်ငံတွင် COVID- 19 ဒုတိယလှိုင်းကူးစက်မှုမြန်ဆန်သဖြင့် အစိုးရကခရီးသွားလာမှုကန့်သတ်ပြီး နေအိမ်တွင်နေထိုင်ရန်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့၍ မော်တော်ယာဉ်သုံးစွဲမှုလျော့နည်းပြီး စက်သုံးဆီဝယ်အားလည်း လျော့နည်းလာသည်။ နိုင်ငံတကာဈေးကွက်တွင် စက်သုံးဆီဈေးကျဆင်းသဖြင့် ဒေါ်လာသုံးစွဲရမှုလည်း လျော့နည်းလာသည်။

မြန်မာနိုင်ငံသည် တစ်လလျှင် ပြည်ပမှဒီဇယ်၊ ဓာတ်ဆီ တန်ချိန်ခြောက်သိန်းခန့်ပျမ်းမျှတင်သွင်းနေရပြီး ဓာတ်ဆီနှင့်ဒီဇယ်အတွက် တစ်လလျှင် အမေရိကန်ဒေါ်လာသန်း ၄၀၀ ဝန်းကျင်သုံးစွဲရသည်။ မြန်မာနိုင်ငံတွင် လစဉ် အမေရိကန်ဒေါ်လာအများ ဆုံးသုံးစွဲရသည့် သွင်းကုန်ကဏ္ဍတွင် ဓာတ်ဆီ၊ ဒီဇယ်ဝယ်ယူခြင်းလည်းပါဝင်သည်။

COVID-19 ကပ်ရောဂါ ကြောင့် ပြည်တွင်းတည်ဆောက် ရေး လုပ်ငန်းများ လျော့ကျပြီး ဘိလပ်မြေ၊ သံချောင်း အပါအဝင်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း များ တင်သွင်းမှုက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် ဒေါ်လာသန်း ၃၀၀ ကျော် လျော့နည်းနေသည်။ ထိုအခြေအနေက သွင်းကုန်အတွက် ဒေါ်လာအသုံးကို လျော့ကျစေ၍ ပြည်တွင်းဈေးကွက် တွင် ဒေါ်လာတန်ဖိုးက အားပျော့နေသည်ဟု မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူး ရောင်း ချရေးလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။ ''လူတွေ အပြင်မထွက်တော့ ဝယ်လိုအားတွေ လျော့တယ်။ ကုန်စည်တင်သွင်းမှုလည်း နည်းတာပါတယ်။ ကားတွေအသုံးနည်းတာလည်းပါတယ်''ဟု ၎င်းကပြောသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် စက်တင်ဘာ၁၅ ရက်အတွင်း ဒေါ်လာ၁စသန်းကျော်ကို ဗဟိုဘဏ်ကဝယ်ယူခဲ့သည်။

**Source: https://7day.news/detail?id=199168**

## မြန်မာ့စီးပွားရေးတိုးတက်နှုန်း ၂၀၂၁ တွင် ၆ ရာခိုင်နှုန်းရှိမည်ဟု ADB ထုတ်ပြန် အာဆီယံတွင် မြန်မာ၊ ဗီယက်နမ်နှင့် ဘရူနိုင်းနိုင်ငံတို့သာ စီးပွားရေးတိုးတက်နိုင်ဟုဆို



မြန်မာနိုင်ငံ၏ စီးပွား ရေးတိုးတက်နှုန်းသည် ယခု ဘဏ္ဍာနှစ်အတွက် ၁ ဒသမ ၈ ရာခိုင်နှုန်းသာရှိမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် ၆ ရာခိုင်နှုန်းရှိမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က စက်တင်ဘာ ၁၅ ရက်တွင်ထုတ်ပြန်သည်။ COVID-19 ကပ်ရောဂါကြောင့် အာရှဒေသတွင် နှစ်ပေါင်း ၆၀ အတွင်း အကြီးကျယ်ဆုံးစီးပွားရေးကျဆင်းမှုကို ကြုံတွေ့နေရသည်ဟု ADB ၏ Wellness in Worrying Times အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၁၉ တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၂၀ တွင် ကမ္ဘာ့ကပ်ရောဂါကြောင့် ၁ ဒသမ ၈ ရာခိုင်နှုန်းသာရှိမည်ဟု ဆိုသည်။ ၂၀၂၁ တွင် စီးပွားရေးတိုးတက်နှုန်းကို ယခင်က ၆ ဒသမ ၈ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့သော်လည်း ၆ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းသည်။

ADB က ပြီးခဲ့သည့် ဇွန်လတွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီး စက်တင်ဘာတွင် အစီရင်ခံစာ အသစ်ထပ်မံထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အစီရင်ခံစာအရ အာဆီယံတွင် မြန်မာ၊ ဗီယက်နမ်နှင့် ဘရူနိုင်းနိုင်ငံတို့သာ စီးပွားရေးတိုးတက်နိုင်ပြီး ကျန်နိုင်ငံများ စီးပွား ရေးကျဆင်းမည်ဟု ဆိုထားသည်။ အာဆီယံနိုင်ငံအားလုံးသည် ၂၀၂၀ တွင် စီးပွားရေးကျဆင်းမှု ၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၂၁ တွင် စီးပွားရေးတိုးတက်နှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟုဆိုသည်။

မြန်မာနိုင်ငံကို ၂၀၁၉-၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် အတွက် ခန့်မှန်းခြင်းဖြစ်ပြီး ထို ကာလ၏ ပထမကိုးလတွင် နိုင်ငံ အတွင်း ရောင်းလိုအား ၊ ဝယ်လို အားများ ရပ်တန့်ခဲ့သည်ဟုဆို သည်။ ထိုသို့ ကျဆင်းခဲ့သော် လည်း ၂၀၂၁ တွင် စီးပွားရေး ပြန်လည်ခုန်တက်စရာများရှိနေ သည်ဟု ADB က ခန့်မှန်းထား သည်။ထိုထဲတွင် ၂၀၂၀ တွင်စနစ် တကျဆောင်ရွက်ခဲ့သည့် စီမံကိန်းများ စိုက်ပျိုးရေးကဏ္ဍတိုးတက်လာခြင်း၊ အစိုးရက ငွေကြေးပိုမိုသုံးစွဲခြင်းနှင့် တယ်လီကွန်း ဆက်သွယ်ရေးစနစ် ပိုမိုကျယ်ပြန့်လာခြင်းကြောင့်ဖြစ်သည်ဟု ADB က ဆိုသည်။ သို့သော် ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ အထူးသဖြင့် အထည်ချုပ်ကဏ္ဍတွင် ဈေးကွက်ဝယ်လိုအားနှင့် ရောင်းလိုအားပါကျဆင်းခဲ့သည်။ ဈေးကွက်အမှာစာအသစ်များ ရပ်ဆိုင်းခဲ့ပြီး အလုပ်သမားများ အလုပ်ပြုတ်ခဲ့ရသည်ဟုဆိုသည်။

ယခုဘဏ္ဍာနှစ် ပထမကိုးလ၌ ကုန်ထုတ်လုပ်မှုတွင် ယခင်နှစ်ကာလတူထက် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုသည်။ ခရီးသွားလုပ်ငန်းမှာလည်း ယခင်နှစ်ထက် ခရီးသွားဝင်ရောက်မှု ၇၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်ဟု ADB က ဆိုသည်။ သို့သော်လည်း စိုက်ပျိုးရေးပို့ကုန်များကြောင့် ယခုနှစ်တွင် ပို့ကုန်သည် ၂ ဒသမ ၇ ရာခိုင်နှုန်းပိုမိုခဲ့ပြီး ပြည်ပရင်းနှီး မြှုပ်နှံမှုများကြောင့် သွင်းကုန်များကလည်း ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့သည်ဟုဆိုသည်။ လျှပ်စစ်၊ အိမ်ရာစီမံကိန်းနှင့် ကုန်ထုတ်လုပ်မှုများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာသည်ဟု ADB က ထုတ်ပြန်သည်။ ငွေကြေးဖောင်းပွမှု ကလည်း ယခုဘဏ္ဍာနှစ် ပထမရှစ်လအတွင်း ကျဆင်းခဲ့သည်ဟုဆိုသည်။

**Source: https://7day.news/detail?id=199198**

## မြန်မာနိုင်ငံ၏ လက်ရှိ COVID-19 အနေအထားက ထိုင်းစတော့ဈေးကွက်ကို ထိခိုက်နိုင်သည်ဟု ပညာရှင်တစ်ဦးပြောကြား

ထိုင်းပညာရှင်တစ်ဦးက မြန်မာနိုင်ငံ၏ လက်ရှိ COVID-19 အနေအထားသည် ထိုင်းစတော့ဈေးကွက်ကို ထိခိုက်စေ နိုင်ကြောင်း၊ အထူးသဖြင့် အိမ်နီးချင်းမြန်မာနိုင်ငံ၌ ဝင်ငွေအခြေခံများရှိနေသော ကုမ္ပဏီများပါဝင်ကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ COVID-19 လူနာအရေအတွက်သည် ၆၇၅ ဦးသို့ မြင့်တက်လာချိန်၌ မြန်မာအစိုးရသည် ရန်ကုန်မြို့ကို အနည်းဆုံး အောက်တိုဘာ ၁ ရက်အထိ Lockdown ချထားလိုက်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းအထိ COVID-19 လူနာအရေအတွက်သည် ၃၂၉၉ ဦးရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ COVID-19 အနေအထားသည် (အထူးသဖြင့် ထိုင်းနိုင်ငံ၌ ရောဂါပိုးကူးစက်မှု ဒုတိယလှိုင်း ဖြစ်ပွားရခြင်း အတွက် အကြောင်းတရားတစ်ရပ်ဖြစ်ခဲ့ပါက) ထိုင်းစတော့ဈေးကွက်အပေါ် ဖိအားများ ဖြစ်စေလိမ့်မည်ဟု ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်နေကြောင်း Asia Plus Securities အဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ တာဆတ်တာဝီသီရသမ်က ထိုင်းစီးပွားရေးသည် လက်ရှိ၌ကျဆင်းလျက်ရှိကြောင်းနှင့် ကိုဗစ်ဒုတိယလှိုင်းဖြစ်ပေါ်ခဲ့ပါက ထိုင်းနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူ များကို ဆွဲဆောင်နိုင်တော့ မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့၏အမြတ်ငွေများသည် မြန်မာနိုင်ငံ၌ အခြေစိုက်သည့် စာရင်းသွင်းထားသော ကုမ္ပဏီများအပေါ် မြန်မာနိုင်ငံ၌ ဖြစ်ပွားသည့်ရောဂါကူးစက်မှုက ထိခိုက်စေလိမ့်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

သို့သော် အဆိုပါဗိုင်းရပ်စ်ပိုးသည် ထိုင်းနိုင်ငံသို့ပျံ့နှံ့လာခြင်းမရှိပါက စာရင်းသွင်းထားသည့် ကုမ္ပဏီများအနေဖြင့် များစွာ ထိခိုက်မှုမရှိနိုင်ကြောင်းနှင့် ယင်းမှာ ၎င်းတို့မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားမှုသည် လွန်စွာသေးငယ်ပြီး မြန်မာနိုင်ငံသည်လည်း ဒေသအချို့ကိုသာ Lockdown ချထားခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ အကျိုးအမြတ်အတွက် မြန်မာနိုင်ငံ အပေါ် မှီခိုနေရသည့် ကုမ္ပဏီများမှာ Carabao Group (CBG) ၊ Osotspa (OSP) နှင့် Siam Global House (GLOBAL) တို့ ဖြစ်ကြသည်။

ငင်းတို့၏ ရှယ်ယာများမှာ ဘတ် ၁၁၀ ဒသမ ၀၅ ၊ ၃၇ ဒသမ ၂၅၂ နှင့် ၁၈ ဒသမ ၅၀ အသီးသီးရှိကြပြီး ၂ ဒသမ ၆၄ ရာခိုင်နှုန်း၊ ၂ ဒသမ ၆၁ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၆၅ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ကြောင်းသိရသည်။ တာဆတ်က ငင်းတို့၏ကုမ္ပဏီသည် ထိုင်းစတော့အိတ်ချိန်း (SET) အညွှန်းကိန်း ၁၂၇၀ မှ ၁၂၈၀ အထိခန့်ကို ခံနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ သို့သော် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းခန့်မှန်းချက်နှစ်ရပ်အပေါ် မှီခိုမနေသင့်ကြောင်း၊ ယင်းမှာဈေးကွက်ကို ဖိအားပေးနေသည့် အကြောင်းခြင်းရာနှစ်ရပ်ကြောင့်ဖြစ်ကြောင်းနှင့် ယင်းနှစ်ရပ်မှာ COVID-19 နှင့် ထိုင်းနိုင်ငံရေး အခြေအနေတို့ဖြစ်ကြောင်းလည်း ငင်းက ပြောကြားခဲ့သည်။

**Source: https://news-eleven.com/article/192440**

## ရွှေလီတွင် COVID-19 ကူးစက်ခံရသူနှစ်ဦးတွေ့ပြီးနောက် မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးရပ်ဆိုင်း



မြန်မာနိုင်ငံမှ ဝင်ရောက်သူနှစ်ဦးတွင် ပိုးတွေ့ပြီးနောက် တရုတ်နယ်စပ်မြို့ ရွှေလီတွင် အရေးပေါ်ကြေညာပြီး တစ်ပတ်ပိတ်ထားရန်ကြေညာလိုက်ကာ မြို့နေပြည်သူ အားလုံးကိုဆေးစစ်ပေးနေသည်။ ရွှေလီမြို့တွင် COVID-19 ကူးစက်ခံရသူနှစ်ဦးတွေ့ရှိ ပြီးနောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ စက်တင်ဘာ ၁၅ ရက်တွင် စတင်ရပ်ဆိုင်းသွားကြောင်း မူဆယ်မြို့မှကုန်သည် အချို့ကပြောသည်။

မြန်မာ-တရုတ် တရားဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း လေးခုအနက် မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ခြင်းဖြစ် သည်။တရုတ်နိုင်ငံနယ်စပ် ကျယ်ဂေါင်မှရွှေလီမြို့သို့သွားသည့် လမ်းကြောင်းပေါ်ရှိ အကောက်အခွန်ဂိတ်ကို တရုတ်အစိုးရက ရက်အကန့်အသတ်မရှိပိတ်ထားခြင်းကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပြတ်တောက်သွား သည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ “ဒီဘက်က ဘာမှပို့မရတော့ဘူး။ ဘယ်တော့ပြန်ဖွင့်မယ်မသိတော့ ကုန်သွယ်ရေးလုပ်လို့မရတော့ဘူး” ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

ရွှေလီမြို့တွင် မြန်မာနိုင်ငံသား တရုတ်လူမျိုးတစ်ဦးနှင့်ငင်း၏အဖော်ဖြစ်သူတွင် COVID-19 ကူးစက်ခံထားရ သည်ကို စစ်ဆေး တွေ့ရှိပြီးနောက် စက်တင်ဘာ ၁၄ ရက် တရုတ်နိုင်ငံစံတော်ချိန် ည ၁၀ နာရီခွဲတွင် ရွှေလီမြို့ကို တစ်ပတ်ကြာ Lockdown ချကြောင်း ကြေညာခဲ့သည်။ ရွှေလီအစိုးရသည်မြို့ကို သွားလာခွင့်ကန့်သတ်တားမြစ်ခြင်းသာမက ကုန်သွယ်ရေးနှင့် သက်ဆိုင်သောလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းလိုက်သည်။ “မူဆယ်မှာတော့ ဒီနေ့ကုန်သည်တွေ ယောက်ယက်ခတ်နေတယ်။ ကျယ်ဂေါင်ထဲအထိတော့ဝင်ရပေမယ့် ရွှေလီကိုချိတ်ဆက်ပြီး ကုန်ပို့လို့မရဘူး” ဟု မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က စက်တင်ဘာ ၁၅ ရက် နေ့လယ်တွင်ပြောသည်။ တရုတ်နိုင်ငံမှ ကုန်စည်တင်သွင်းမှုကလည်း ကျယ်ဂေါင်သို့ရောက်ရှိနေသည့် ကုန်ပစ္စည်းများသာတင်သွင်းနိုင်မည်ဖြစ်ကြောင်း မူဆယ်မြို့မှ ကုန်သည်တစ်ဦးကဆိုသည်။

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ ခု တရားဝင်ဖွင့်လှစ်ပြီး အပြန်အလှန်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး စခန်းစုစုပေါင်း၏ ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၉ ဒသမ ၉ ဘီလီယံကျော်ရှိပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုက ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံကျော်သည်။ နယ်စပ်ကုန်သွယ်မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်ရှိနေသည်။

မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းတွင် လက်ရှိကုန်သွယ်မှုရပ်ဆိုင်းလိုက်သည့် မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး ၄ ဒသမ ၅ ဘီလီယံကျော်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်စပါး အပါအဝင် လယ်ယာထွက်ကုန်များ၊ ကဏန်း၊ ပုစွန်အပါအဝင် ရေထွက်ကုန်များနှင့် ပိုက်လိုင်းဖြင့်တင်ပို့နေသည့် သဘာဝဓာတ်ငွေ့လည်း မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်နေခြင်းဖြစ်သည်။

**Source: https://7day.news/detail?id=199195**

## သွင်းကုန်လိုင်စင်ကြေးဖြေလျှော့မှုကို ယခုနှစ်ကုန်အထိ အချိန်တိုးပေး

သွင်းကုန်လိုင်စင်ကြေး ဖြေလျှော့ပေးခြင်းကို ယခုနှစ်ကုန်အထိ အချိန်ထပ်မံတိုးပေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်သည်။ COVID-19 ကာလတွင် သွင်းကုန်များအတွက် လိုင်စင်တစ်စောင်လျှင် ကျပ်သုံးသောင်းလျှော့ချပေးခြင်းကို စက်တင်ဘာလကုန်အထိ သတ်မှတ်ထားရာမှ အချိန်ထပ်မံတိုးမြှင့်ပေးခြင်းဖြစ်သည်။ ပြည်သူများ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်မှဖြေလျှော့ပေးသည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ အခွန်အခများနှင့် ငွေကြေးထောက်ပံ့မှုများကို စီးပွားကူးသန်းဝန်ကြီးဌာနက ယခုနှစ်ကုန်အထိ ဆောင်ရွက်ပေးသွားမည်ဟု အမိန့်ကြော်ငြာစာတွင်ဖော်ပြထားသည်။ COVID-19 ကပ်ရောဂါမတိုင်မီက သွင်းကုန်လိုင်စင်တစ် စောင်ကို ကျပ်သုံးသောင်းမှကိုး သောင်းအထိ သတ်မှတ်ကောက်ခံခဲ့သည်။

စီးပွားကူးသန်းဝန်ကြီးဌာနသည် ဖြေလျှော့မှုများကြောင့် ဝင်ငွေပိုင်းတွင် လျော့နည်းနိုင်သော်လည်း ကပ်ရောဂါကာလအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ သက်သာခွင့်အတွက် ဖြေလျှော့ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြောသည်။ COVID-19 ကြောင့် စီးပွား ရေးထိခိုက်မှု သက်သာစေရန် ဆေးဝါးနှင့်ဆေးဝါး ထုတ်လုပ်ရာ တွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ ပြည်ပမှတင်သွင်းမည်ဆိုပါက ဧပြီ ၁၁ရက်ကစ၍ သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုထားသည်။ အစိုးရက ကုန်စည်တင်သွင်းမှုနှင့်ပတ်သက်၍ဖြေလျှော့မှုများ ဆောင်ရွက်ပေးနေသော်လည်း ပြည်တွင်းဝယ်လိုအားအခြေအနေကြောင့် လုပ်ငန်းသုံးကုန်စည်များ တင်သွင်းမှုလျော့နည်းကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**Source: https://7day.news/detail?id=199199**

## ရခိုင်-မန္တလေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများရပ်တန့်

ရခိုင်နဲ့မန္တလေးပြေးဆွဲနေတဲ့ကုန်စည်ကားတွေ အဝင်အထွက်မရှိတော့ပဲ ရပ်နားနေတယ်လို့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တွေထံကသိရပါတယ်။ ရခိုင်ပြည်နယ်ဘက်က စစ်တွေမြို့အခြေစိုက် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက ယာဉ်ဂိတ်တွေကို စက်တင်ဘာလ ၉ ရက်နေ့ကစတင်ပြီးပိတ်ဖို့စာထုတ်ပြန်ထားပါတယ်။ ပိတ်ရတဲ့အကြောင်းအရင်က ယာဉ်မောင်းနဲ့ယာဉ်နောက်လိုက်တွေက တာဝန်ရှိသူတွေရဲ့ထောက်ခံချက်တွေနဲ့ ပြေးဆွဲနေ ပေမယ့်အခြားဒေသတွေမှာ Quarantine ဝင်နေရတာကြောင့် ယာဉ်မောင်းယာဉ်နောက်လိုက်ရှားပါးလာတဲ့အတွက် ပိတ်ရတာဖြစ်တယ်လို့ဖော်ပြထားပါတယ်။ "သူတို့ဘက်က ပိတ်မယ်ဆိုတည်းက ကျွန်တော်တို့မှာကုန်တွေကိုချင့်ချိန်လက်ခံရတယ်။ အခုသူတို့ဘက်ကပိတ်ပြီဆိုတော့ကျွန်တော်တို့ကပို့မရတော့ဘူးလေ။ ဒီဘက်မှာလည်းအစပိုင်းကQuarantineဝင်ရမယ်ဆိုတော့ဒရိုင်ဘာတွေက ခေါ်မရဘူး။ ပြန်ကုန်ကြပြီ"လို့ ကေသီဦး ရခိုင်-မန္တလေးကုန်စည်ပို့ဆောင်ရေး ကားဂိတ်မှူး ဦးဇော်က ပြောပါတယ်။

ရခိုင်ပြည်နယ်ကပြေးဆွဲနေတဲ့ကားသမားတွေကလည်း Quarantine ဝင်နေရတဲ့အခြေအနေရှိတယ်လို့ ဦးဇော်ကပြောပါတယ်။ အဲဒါကြောင့် ကားဂိတ်တွေမပိတ်ခင်တည်းက ယာဉ်မောင်းရှားတဲ့ပြဿနာကိုရင်ဆိုင်ခဲ့ရတယ်လို့သိရပါတယ်။ လက်ရှိအချိန်မှာလည်း ရခိုင်ဘက်ကနေ ကားလာတာမရှိတော့သလို မန္တလေးကနေလည်းရခိုင်ကို ကားထွက်ခွာတာမရှိဘူးလို့ အာကာထွန်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းက ဦးတင်မောင်ထွန်းကပြောပါတယ်။

**Source:** https://www.kumudranews.com/news-38482

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ပြန်လည်သုံးသပ်ရန် ဦးတည်ဆောင်ရွက်မည်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan-MIPP) ကို ပြန်လည်သုံးသပ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးသောင်းထွန်းကပြောသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကြီးမှူး၍စက်တင်ဘာလ ၁၅ ရက်က Video Conferencing စနစ်ဖြင့်ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ (Investment Promotion

Committee-IPC) တတိယအကြိမ် အစည်းအဝေးတွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ Covid-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှု များကို တုန့်ပြန်ရန်နှင့် Covid အလွန် ကာလအတွက် ကြိုတင် ပြင်ဆင်ခြင်းအနေဖြင့် စက်မှုဇုန် တည်ထောင်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်လုပ်မှု ကွင်းဆက် (Supply Chain)၊ ကျန်းမာရေးနှင့်ဆက်စပ်သည့် ထုတ်လုပ်မှု လုပ်ငန်းများ ၊ Digitization လုပ်ငန်းများ အဓိက တိုးတက်စေရန်၊ အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ပြန်လည်သုံးသပ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကော်မတီ၏လုပ်ငန်းစဉ်များ၊ ရှေ့ဆက် ဆောင်ရွက်ရန် လုပ်ငန်းများနှင့်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ်တင်ပြခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အကူပြု လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏လုပ်ငန်းအဖွဲ့အလိုက် ရေးဆွဲထားသည့် နှစ်အလိုက်လုပ်ငန်းစဉ် (Annual Activities Plan) များနှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများအား အသီးသီးရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**Source:** https://www.facebook.com/fifthwavenews/

## တစ်ရက်အတွင်း ကန်ဒေါ်လာလဲလှယ်နှုန်း ၁၁ ကျပ်ပြုတ်ကျ၊ ဗဟိုဘဏ်က ဒေါ်လာ ၃ ဒသမ ၈ သန်းဝယ်ယူ




အမေရိကန်ဒေါ်လာသည် ၁၃၄၁ ကျပ်မှ ကျပ် ၁၃၃၀ အထိ တစ်ရက်အတွင်း ၁၁ ကျပ် ပြုတ်ကျခဲ့သည့်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းကို စက်တင်ဘာ ၁၅ ရက် တွင် နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဝယ်ယူခဲ့သည်။ ကမ္ဘောဇဘဏ်၏ အကြီးတန်းအကြံပေး ဦးသန်းလွင်က "အမေရိကန် ဒေါ်လာဈေးက ဒီနေ့အကျကြမ်းတယ်လို့ ပြောလို့ရတယ်။ ဒါကြောင့် ဗဟိုဘဏ်က ဝယ်ယူတာဖြစ်တယ်။ ဗဟိုဘဏ်ဝယ်ယူပြီးတော့မှ နှစ်ကျပ်လောက်ပြန်တက်လာတာ။" ဟု ဆင်ဟွာသို့ပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းအား နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့်ဝယ်ယူခဲ့ပြီး လေလံအတွက် ပျမ်းမျှငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာ လျှင် ၁၃၂၂ ကျပ် ဖြစ်ကြောင်းသိရသည်။ စက်တင်ဘာ ၁၅ ရက်၊ ညနေ ၄နာရီ ထိ ဝါးခယ်မ ငွေလဲစင်တာ၌ အမေရိကန်ဒေါ်လာ အားဝယ်ဈေး တစ်ဒေါ်လာ ၁၃၂၀ကျပ်၊ ရောင်းဈေး ၁၃၃၀ ကျပ်ဖြင့် အရောင်း အဝယ်ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/

## အိန္ဒိယနိုင်ငံ၌ အခွန်ကောက်ခံမှုဆိုင်ရာ နစ်နာမှုထောက်ပံ့ကြေးများ ပေးအပ်ရေးကိစ္စ အကြပ်အတည်းဖြစ်ပေါ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံတွင် ၂၀၁၇ ခုနှစ်မှ စတင်ကျင့်သုံးခဲ့သော ကုန်စည်နှင့်ဝန်ဆောင်မှု (Goods and Services Tax – GST) ဥပဒေအရ ပြည်နယ်/ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအနေဖြင့် သွယ်ဝိုက်အခွန်များအား ကောက်ခံပိုင်ခွင့်မရှိတော့ပဲ အခွန်ငွေလျော့နည်းဆုံးရှုံးရမှုအတွက် ဗဟိုအစိုးရမှ ပြည်နယ်များသို့ GST နစ်နာမှုထောက်ပံ့ကြေးများအား ၅ နှစ်တာကာလအထိ ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ယခုဘဏ္ဍာနှစ်၌ အဖျော်ယမကာ၊ စီးကရက်၊ ဆေးရွက်ကြီးစသည့် အကျိုးမဲ့ကုန်စည် များနှင့် မော်တော်ယာဉ်ကဲ့သို့သော တန်ဖိုးကြီးဇိမ်ခံပစ္စည်းများအပေါ် ကောက်ခံလျက်ရှိသည့် ထပ်ဆောင်းအခွန် (Compensation Cess) များမှာ လျော့နည်း၍ရရှိဖွယ်ရှိပြီး ၎င်းရန်ပုံငွေမှ GST နစ်နာမှုထောက်ပံ့ကြေးများကို သတ်မှတ်

ထားသည့်ပမာဏအတိုင်း ခွဲဝေပေးနိုင်မှုမရှိသည့်အပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဗဟိုနှင့် ပြည်နယ်အစိုးရများအကြား သဘောထားကွဲလွဲမှု ဖြစ်ပေါ်လျက်ရှိပါသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ဘဏ္ဍာရေးဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှု အခွန်ဆိုင်ရာ GST ကောင်စီ၏ ၄၁ ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ်လ ၂၇ ရက်နေ့၌ ကျင်းပခဲ့ရာ လက်ရှိ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း ထပ်ဆောင်းအခွန်များ လျော့နည်းကောက်ခံရရှိမည့်အခြေအနေနှင့် GST နစ်နာမှုထောက်ပံ့ကြေးများအား သတ်မှတ်ချက်အတိုင်း ခွဲဝေပေးနိုင်မှု မရှိသည့်အပေါ် ချေးငွေရယူဖြေရှင်းမည့် နည်းလမ်းများကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က ရှင်းလင်းချပြခဲ့ပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ GST နစ်နာမှုထောက်ပံ့ကြေးများ ခွဲဝေပေးနိုင်ရန်အတွက် အဖျော်ယမကာ၊ စီးကရက်၊ ဆေးရွက်ကြီးစသည့် အကျိုးမဲ့ကုန်စည်များနှင့် မော်တော်ယာဉ်ကဲ့သို့ တန်ဖိုးကြီးဇိမ်ခံပစ္စည်းများအပေါ် ကောက်ခံလျက်ရှိသည့် ထပ်ဆောင်းအခွန် (compensation cess) မှာ ယခုဘဏ္ဍာနှစ်၌ ရူပီး ၆၅၀ ဘီလီယံခန့်သာ ရနိုင်ဖွယ်ရှိပြီး ပြည်နယ်များသို့ အမှန်ပေးအပ်ရမည့် နစ်နာမှုထောက်ပံ့ကြေးပမာဏမှာ ရူပီးငွေ ဘီလီယံ ၃၀၀၀ (ဒေါ်လာ ၄၁ ဘီလီယံခန့်) ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ကွာဟချက် ရူပီး ၂၃၅၀ ဘီလီယံလိုအပ်လျက်ရှိကြောင်း၊ ၎င်းကွာဟချက်အနက် GST အခွန်ကောက်ခံမှုစနစ်အရ လိုအပ်မည့်ပမာဏမှာ ရူပီး ငွေ ၉၇၀ ဘီလီယံရှိပြီး ကျန်ရှိသည့် ၁၃၈၀ ဘီလီယံသည် Covid-19 ကပ်ရောဂါအား တားဆီးထိန်းချုပ်ရန် အသွားအလာတားမြစ်ကန့်သတ်မှုကြောင့် ကောက်ခံနိုင်ခြင်းမရှိသည့်ပမာဏဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြည်နယ်အစိုးရများအနေဖြင့် ကွာဟသည့် GST နစ်နာမှု ထောက်ပံ့ကြေးများ အတွက် ငွေချေးယူသုံးစွဲရန် နည်းလမ်း ၂ ခုကို ရွေးချယ်နိုင်ကြောင်း၊ ပထမနည်းလမ်းသည် ရူပီး ငွေ ၉၇၀ ဘီလီယံအား ဗဟိုဘဏ် (RBI) ထံမှ ချေးယူခြင်းဖြစ်ပြီး ကွာဟငွေ ရူပီး ၂၃၅၀ ဘီလီယံကို အပြည့်အဝရရှိသုံးစွဲလိုပါက ပြည်နယ်အစိုးရများအနေဖြင့် ဒုတိယနည်းလမ်းအဖြစ် ပြင်ပ ဈေးကွက်မှ မိမိအစီအစဉ်ဖြင့် ချေးယူရန်ဖြစ်ကြောင်းနှင့် မည်သည့်နည်းလမ်းအား ရွေးချယ်မည်ကို ပြည်နယ်များမှ ၇ ရက်အတွင်း အကြောင်းပြန်ကြားရန် Ms. Nirmala Sitharaman က အဆိုပါ အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထပ်ဆောင်းအခွန်များအား လျော့နည်း၍ရရှိမည့် အခြေအနေရှိပါက GST နစ်နာမှုထောက်ပံ့ကြေးများအတွက် လိုအပ်မည့်ငွေကို ပြည်ထောင်စုဗဟိုရန်ပုံငွေမှ ထုတ်နှုတ်သုံးစွဲရန် ပြည်နယ်အချို့၏ အဆိုပြုချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်က အခြေခံဥပဒေနှင့် ကိုက်ညီမှု မရှိသဖြင့် ထိုသို့သုံးစွဲမှု မပြုနိုင်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့သည်။

ပြည်နယ်များအနေဖြင့် ဗဟိုဘဏ် (RBI) ထံမှ ရူပီးငွေ ၉၇၀ ဘီလီယံအားချေးယူပါက အရင်းနှင့်အတိုးငွေကို ဗဟိုအစိုးရက တာဝန်ယူမည်ဖြစ်ကြောင်း၊ မလွဲရှောင်သာသောအကြောင်း (Act of God) တစ်ရပ်ဖြစ်သည့် Covid-19 ကပ်ရောဂါကြောင့် ထပ်ဆောင်းအခွန်ငွေ ရူပီး ၁၃၈၀ ဘီလီယံ လျော့ပါးမှုအပေါ် ဗဟိုအစိုးရအနေဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်မှုမပြုနိုင်ကြောင်း၊ GST နစ်နာမှုထောက်ပံ့ကြေးအတွက် ရူပီး ၂၃၅၀ ဘီလီယံ ကွာဟချက်ကို ပြင်ပဈေးကွက်မှ မိမိအစီအစဉ်ဖြင့် ချေးယူပါက ဗဟိုအစိုးရက အရင်းငွေကိုသာ တာဝန်ယူပေးဆပ်မည်ဖြစ်ကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က ပြောကြားထားသည်။

ထိုသို့ မိမိတို့အစီအစဉ်ဖြင့် ငွေချေးယူရန် နည်းလမ်းများချမှတ်မှုအပေါ် ကွာဟငွေ ရူပီး ၂၃၅၀ ဘီလီယံအတွက် အရင်းနှင့်အတိုး အားလုံးကိုတာဝန်ယူလျက် ဗဟိုအစိုးရ၏အစီအစဉ်ဖြင့်ချေးယူ၍ခွဲဝေပေးရန် ပြည်နယ်အချို့က တောင်းဆိုလျက်ရှိပြီး လက်ရှိအာဏာရ BJP ပါတီနှင့် ၎င်း၏မဟာမိတ်ပါတီများက အုပ်ချုပ်လျက်ရှိသည့် ပြည်နယ်အစိုးရအချို့ကမူ အထက်ပါ နည်းလမ်းနှစ်သွယ်မှ သင့်လျော်ရာတစ်ခုကို ရွေးချယ်ရန် လိုလားလျက်ရှိကြသည်။

ဗဟိုအစိုးရသည် ကတိကဝတ်ရှိသည်နှင့်အညီ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း GST နစ်နာမှု ထောက်ပံ့ကြေး လိုငွေ ရူပီး ၂၃၅၀ ဘီလီယံအား ပြည်နယ်များကရရှိစေရန် တာဝန်ယူကြောင်း၊ သို့ရာတွင် အဆိုပါနစ်နာကြေးများ ခွဲဝေပေးရန်အတွက် ကောက်ခံသော ထပ်ဆောင်းအခွန်ငွေများသည် ဗဟိုအစိုးရက စီမံခန့်ခွဲမှုပြုနိုင်သည့် ငွေကြေးအရင်းအမြစ်မဟုတ်ပဲ ပြည်နယ်များနှင့်သာ သက်ဆိုင်မှုရှိကြောင်း၊ နောင်အနာဂတ်တွင် ကောက်ခံရရှိမည့် ထပ်ဆောင်းအခွန်ငွေများအပေါ်အမှီပြု၍ ပြင်ပမှငွေချေးယူခြင်းကို ပြည်နယ်/ပြည်ထောင်စုနယ်မြေများကသာ လုပ်ဆောင်နိုင်ကြောင်း၊ ပြည်နယ်အစိုးရများ၏ ငွေကြေးစီမံခန့်ခွဲပိုင်ခွင့်နှင့်ပတ်သက်၍ ငွေချေးယူနိုင်မှု ပမာဏကန့်သတ်ချက်ကိုလည်း ပြည်နယ်အတွင်း စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး

(GSDP) ၏ ၃% ခွင့်ပြုထားရာမှ မကြာသေးမီကပင် ၅% အထိ တိုးမြှင့်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ လက်ရှိကာလ၌ ပြည်နယ်များ၏ ပျမ်းမျှငွေချေးယူမှုပမာဏသည့် ၁.၂၅% မျှသာရှိနေသေးကြောင်း၊  ဗဟိုအစိုးရအနေဖြင့် ၎င်းစီမံခန့်ခွဲပိုင်ခွင့် ရှိသည့် ငွေကြေးအရင်းအမြစ်အတွက်ကိုသာ ပြည်ထောင်စုရန်ပုံငွေမှ ချေးယူသုံးစွဲမှုပြုနိုင်ကြောင်း၊ ပြည်နယ်များအနေဖြင့် ရူပီးငွေ ၉၇၀ ဘီလီယံချေးယူမည့် ပထမနည်းလမ်းကိုရွေးချယ်ပါက ကျန်ရှိသည့်နစ်နာမှုထောက်ပံ့ကြေးများအား စွန့်လွှတ်လိုက်ရမည် ဆိုသည်မှာ မဟုတ်မှန်ကြောင်း၊ ချေးငွေများအားလုံးကို အပြေအကြေပေးဆပ်ပြီးပါက ၎င်းနစ်နာကြေး ကျန်ငွေများကို ရရှိနိုင်ဦးမည်ဖြစ်ကြောင်းစသည်ဖြင့် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိအချို့၏ပြောကြားချက်အား Hindustan Times သတင်းဌာနက ဖော်ပြပါသည်။

အတိုက်အခံပါတီများက အုပ်ချုပ်လျက်ရှိသည့် ပြည်နယ်/ပြည်ထောင်စုနယ်မြေများမှ ဘဏ္ဍာရေးဝန်ကြီးအချို့က ဗဟိုအစိုးရသည် ကတိပြုထားရှိမှုနှင့်အညီ GST နစ်နာကြေးများ ပေးအပ်ရန်ကိစ္စအပေါ် အလုံးစုံတာဝန်ယူသင့်ကြောင်းပြောဆိုကြပြီး ဒေလီနှင့်ပွန်ဒီချယ်ရီကဲ့သို့သော ပြည်ထောင်စုနယ်မြေ အစိုးရများက ၎င်းတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ငွေချေးယူခြင်းများအား ဗဟိုအစိုးရလက်အောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဆင့်သာဆောင်ရွက်နိုင်သည်ဖြစ်ရာ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏ နည်းလမ်းများမှာ သဘာဝမကျကြောင်းဖြင့် ကန့်ကွက်ပြောဆိုလျက်ရှိကြသည်။

အိန္ဒိယကုန်စည်နှင့်ဝန်ဆောင်မှုအခွန်ဆိုင်ရာ GST ကောင်စီသည် ထိုလက်မှတ်များအပေါ် ကောက်ခံသည့် အခွန်နှုန်းထားကိစ္စရပ်မှအပ ကျန်ငွေကြေးကိစ္စရပ်များနှင့်ပတ်သက်၍ အများသဘောတူညီမှု အပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များချမှတ်လေ့ရှိသော်လည်း ယခုဘဏ္ဍာနှစ်၌ ပေးအပ်ရမည့် GST နစ်နာမှုကြေးကိစ္စမှာ မဲခွဲဆုံးဖြတ်ရမည့် အနေအထားရှိကြောင်း အိန္ဒိယသတင်းဌာနများက ဖော်ပြပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် ဗဟိုအစိုးရမှ ၂ နေရာ၊ ပြည် နယ် ၂၈ ခုနှင့် ပြည်ထောင်စုနယ်မြေ ၃ ခုတို့မှ ၃၁ နေရာ၊ စုစုပေါင်းအဖွဲ့ဝင် ၃၃ ဦးပါဝင်သော GST ကောင်စီ၌ ကိစ္စတစ်ရပ်အပေါ် မဲခွဲ၍ဆုံးဖြတ်ပါက အဖွဲ့ဝင်များ၏ ၇၅% က ထောက်ခံမှသာ အတည်ပြုနိုင်ပြီး မဲပေးပိုင်ခွင့်တွင် ဗဟိုအစိုးရက သုံးပုံတစ်ပုံကို ရရှိထားသည်။ သို့ဖြစ်ရာ ဗဟို အစိုးရအနေဖြင့် GST နစ်နာမှုထောက်ပံ့ကြေးကိစ္စနှင့်ပတ်သက်၍ ချပြထားသည့် နည်းလမ်းများအတိုင်း GST ကောင်စီ၌ အတည်ပြုဆောင်ရွက်စေနိုင်ရန်မှာ ပြည်နယ် ၁၉ ခု၏ ထောက်ခံမဲရရှိရန် လိုအပ်လျက်ရှိသည်။ လက်ရှိကာလတွင် ပြည်နယ်/ပြည်ထောင်စုနယ်မြေ ၁၆ ခု၌ BJP ပါတီ ဦးဆောင်သည့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDA) က အာဏာရရှိထားပြီး ဂျမူးနှင့်ကက်ရှ်မီးယားဒေသမှာ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်၌တည်ရှိသည်။

ဗဟိုအစိုးရ၏ GST နစ်နာမှုထောက်ပံ့ကြေးဆိုင်ရာ ဖြေရှင်းရေးနည်းလမ်းနှစ်သွယ်အား ပြည်နယ်/ပြည်ထောင်စုနယ်မြေ ၁၀ ခုက ကန့်ကွက်ကြောင်း ဆန္ဒဖော်ထုတ်ပြောကြားခဲ့ပြီး အခြားသော ပြည်နယ် ၁၂ ခုက ပထမနည်းလမ်းအရ ရူပီးငွေ ၉၇၀ ဘီလီယံကို ဗဟိုဘဏ်ထံမှ ချေးယူရန်ဆန္ဒပြုကြကြောင်း၊ မဏိပူပြည်နယ်ကမူ ဒုတိယနည်းလမ်းကို ရွေးချယ်ထားကြောင်း Hindustan Times သတင်းဌာနက ဖော်ပြပါသည်။ အိန္ဒိယ GST ကောင်စီ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးကို ၅.၁၀.၂၀၂၀ နေ့တွင် ထပ်မံကျင်းပရန် စီစဉ်ထားရှိကြောင်း သိရှိရပါသည်။


Source:
1. In a bid to bridge compensation cess shortfall, Centre will try and get states to borrow, 8 Sept 2020, Economic Times
2. Centre committed to pay full GST compensation to states, but states must borrow, 8 Sept 2020, Hindustan Times
3. Vote on GST compensation inevitable if govt sticks to 2 options, 8 Sept 2020, Business Standard
4. GST voting ignores majority, 9 Sept 2020, Telegraph India
5. Twelve of 13 members of GST Council preferred the Rs 97,000 crore borrowing option, 14 Sept 2020, Hindustan Times


**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် Mr. Suga Yoshihide ကို (LDP) ပါတီ၏ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခဲ့



ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (LDP) က အစိုးရအဖွဲ့အတွင်းဝန်ချုပ် Mr. Suga Yoshihide ကို ပါတီ၏ခေါင်းဆောင်သစ်အဖြစ် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့က ရွေးချယ်ခံရကြောင်းသိရပါသည်။

အသက် ၇၁ နှစ်အရွယ်ရှိ Mr. Suga သည် ကျန်းမာရေး အကြောင်းပြချက်ဖြင့် ရာထူးကနေနုတ်ထွက်ရန် ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့် ဩဂုတ်လနောက်ဆုံးအပတ်က တရားဝင်ကြေငြာခဲ့သည့် ဝန်ကြီးချုပ် Mr. Shinzo Abe ၏ နေရာကိုဆက်ခံရန် ရာနှုန်းပြည့်နီးပါး သေချာနေပြီဖြစ်ကြောင်း သိရပါသည်။

Mr. Suga က "ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှု၏ စိန်ခေါ်မှုကို မိမိတို့နိုင်ငံ ရင်ဆိုင်နေရချိန်တွင် နိုင်ငံရေးအရ တရားဝင်မှုမရှိဘဲ ကြိုးပမ်းလုပ်ဆောင်နိုင်မည်မဟုတ်ပါကြောင်း၊ အဆိုပါအကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဝန်ကြီးချုပ် Mr. Abe ကြိုးပမ်းလုပ်ဆောင်နေသည့် ကိစ္စရပ်များကို ဆက်လက်အားသွန်ခွန်စိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့ နိုင်ငံသားအားလုံးအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အဆိုပါလုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပိုမိုထိရောက်သည့် အစိုးရတစ်ရပ်ဖြစ်လာစေရန် စီမံအုပ်ချုပ်ရေးအပိုင်းကိုလည်း ပြန်လည်ပြင်ဆင်ပြောင်းလဲရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီမှုကို အားပေး ဆောင်ရွက်ကာ ပြည်သူအားလုံးအတွက် အကာအကွယ်ပေးနိုင်မည့် လူမှုဖူလုံရေးစနစ်တစ်ခုကို ဖော်ဆောင်သွားရန် ကြိုးပမ်း သွားမည်ဟု Mr. Suga ကထပ်လောင်းပြောကြားခဲ့ကြောင်း သိရပါသည်။

Mr. Suga သည် မဲစုစုပေါင်း၏ ၇၀ % ကျော်ကိုရရှိခဲ့ပြီး သူ၏ပြိုင်ဘက်နှစ်ဦးဖြစ်သည့် LDP အထွေထွေ အတွင်းရေးမှူးဟောင်း Mr. Ishiba Shigeru နှင့် ပါတီ၏ လက်ရှိမူဝါဒရေးရာအကြီးအကဲ Mr. Kishida Fumio တို့ကို အနိုင်ရခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် လွှတ်တော်အမတ်များက ဝန်ကြီးချုပ်အသစ်ကို မဲပေး ရွေးချယ် ကြမည်ဖြစ်ပြီး အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်စလုံးကို LDP ဦးဆောင်သည့် ညွန့်ပေါင်းအုပ်စုက ထိန်းချုပ်ထားခြင်း ကြောင့် မစ္စတာ Mr. Suga ကပင် အနိုင်ရ နိုင်မည် သေချာပါကြောင်း သုံးသပ်နေကြပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ပြည်တွင်းခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန်အတွက် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း Klook တို့က ပူးပေါင်းဆောင်ရွက်မည်

စင်ကာပူနိုင်ငံတွင် နေထိုင်သူများက အားလပ်ရက်များ၌ နိုင်ငံအတွင်း စူးစမ်းလေ့လာလည်ပတ်သွားလာခြင်းတို့ကို ပြုလုပ်လာစေရန်အတွက် စင်ကာပူဒေါ်လာ ၂ သန်း အသုံးပြု၍ ဆွဲဆောင်သွားမည့်အစီအစဉ်ကို စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့နှင့် ခရီးသွားလာရေးကြိုတင်လက်မှတ်မှာယူခြင်းဝန်ဆောင်မှုလုပ်ငန်း Klook တို့က ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၁၄- ၉ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပြီး၊ ဤအစီအစဉ်သည် ကိုဗစ် ၁၉ ကြောင့် နိုင်ငံတကာ၌ ခရီးသွားလာမှုများကို ထိန်းချုပ်ကန့်သတ်ကြသဖြင့် နိုင်ငံခြားခရီးသည်ဝင်ရောက်မှု ခြောက်ကပ်နေသောကာလအတွင်း စင်ကာပူ နိုင်ငံ၏ ပြည်တွင်းခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၄၅ သန်း အသုံးပြုဆောင်ရွက်သွားရန်လျာထားသော "SingapoRediscovers Marketing Campaign" အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း သိရှိရပါသည်။

၎င်းတို့သည် ဤအစီအစဉ်ကို စက်တင်ဘာလမှစ၍ (၇)လကြာ ပူးပေါင်းဆောင်ရွက်သွားကြ မည်ဖြစ်ပြီး၊ Orchard Road ၊ Chinatown ၊ Civic District နှင့် Katong-Joo Chiat စသည့် နေရာပတ်ဝန်းကျင်တို့တွင် စားသောက်ခြင်း၊ လည်ပတ်ခြင်း၊ အပန်းဖြေခြင်းနှင့် တည်းခိုနေထိုင်ခြင်း အစီအစဉ်များကို ပူးတွဲပြုလုပ်ထားသည့် အကောင်းဆုံးသောခရီးစဉ်များဖြင့် ဆွဲဆောင်ကာ လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ရေးအတွက် ကူညီပေးမည်ဖြစ်ပါသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းများမှ ခရီးစဉ်၊ ဝန်ဆောင်မှုနှင့်အတွေ့အကြုံအသစ်များကိုဖန်တီး၍ ဆွဲဆောင်နိုင်စေရန်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

Klook ၏ ခရီးသွားဝန်ဆောင်မှုပလက်ဖောင်းပေါ်တွင် ပြည်တွင်းခရီးသွားလာမှုကို မြှင့်တင်ပေးနိုင်သော အစီအစဉ်ပေါင်း ၆၀၀ ကျော်ကို ထည့်သွင်း၍ ဆွဲဆောင်သွားမည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းများ၏ ပြန်လည်နာလန်ထူလာမှုအပေါ် အထောက်အကူပြုပေးနိုင်မည်ဟု Klook ၏ ဈေးကွက်ရှာဖွေရေးဆိုင်ရာဒုတိယဥက္ကဋ္ဌကပြောကြားခဲ့ပြီး၊ Klook ၏ ဒီဂျစ်တယ် ဈေးကွက် ရှာဖွေနိုင်စွမ်းကိုအသုံးချ၍ ပြည်တွင်းနေထိုင်သူများက စင်ကာပူရှိ ခရီးစဉ်များနှင့်လူမှုဘဝများကို ပြန်လည်စူးစမ်းလေ့လာလာကြစေရန်ဆွဲဆောင်လျက် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ လက်ထောက်အမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့ပါသည်။

Source: The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## STOCK EXCHANGE (16.9.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -100 | -1.01% | 9,900 | 9,900 | 9,800 | 673 | 6,602,700 | 27,112,747 | 265,705 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 479 | 1,772,300 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,750 | 2,700 | 36 | 98,200 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 68 | 207,900 | 19,977,223 | 60,931 |

## Market summary

As of 16th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.06 | -1.80 | -0.41% | 434.55 | 434.55 | 432.06 | 1,257 | 8,689,100 | 6 | 642,890 |

### Index chart




# Market Overview

As of 1:00 pm, 16th Sep. 2020

| MYANPIX | 432.06 ▼ 1.80 |
|---|---|
| Total Volume (shares) | 1,257 |
| Total Value (MMK) | 9 mil |
| Listed Company | 6 |
| Market Cap. (MMK) | 642,890 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,050 | ▼ 50 |